# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်
နှင့်
မနောသုခရွှေအိုး



# နိဒါန်း

တစ်နေ့သ၌ ကျွန်ုပ်တို့ စုံထောက်ကျော်တစ်စုသည် အင်းစိန် စီအိုင်ဒီရုံးခန်းအတွင်း မင်းကြီး၏ ဆူပူကြိမ်းမောင်းခြင်းကို ခံယူနေစဉ်မှာပင် ဆားပုလင်းမင်းအောင်သည် ရုံးခန်းထဲသို့ ဝင်ရောက်လာပြီး မင်းကြီးရှေ့ရှိ ကုလားထိုင်တွင် မထီလေးစား အမူအရာနှင့် ဝင်ထိုင်လိုက်လေ၏။

ပြီးနောက် ဂျွန်ပလေးတားမုတ်ဆိတ်စီးကရက်ကို နှုတ်ခမ်းတွင် ခဲလျက် ထောက်ခနဲ မီးညှိဖွာရှိုက်လိုက်လေ၏။

ထိုအခြင်းအရာကို ကြည့်၍ စုံထောက်ဦးပေါ်ဦးက...

"ကျုပ်တို့လူက မခေဘူးဗျ၊ မင်းကြီးကို မထီမဲ့မြင်ပြုတဲ့နေရာမှာ ကျုပ်တို့ထက်သာတယ်၊ မင်းကြီးရှေ့က ကုလားထိုင်မှာ အခန့်သားဝင်ထိုင်လိုက်တာ ကြည့်ပါလား၊ ကျုပ်တို့ဆို ဒီလိုဝင်ထိုင်ဖို့မပြောနဲ့ မင်းကြီးရှေ့မှာ နားရွက်တောင် မခတ်ရဲဘူး"

ဟု ချီးမွမ်းလိုက်လေရာ ကျွန်ုပ်က ...

"မထီမဲ့မြင်ပြုတဲ့နေရာမှာတင် ကျုပ်တို့ထက်သာတာ မဟုတ်ဘူးဗျ၊ သူရသတ္တိရှိတဲ့နေရာမှာလည်း ကျုပ်တို့ထက်သာတယ်"

ဟု ချီးမွမ်းလိုက်ပြန်၏။ ဦးပေါ်ဦးက ခေါင်းညိတ်၍...

"သူရသတ္တိရှိမဲ့နေရာမှာတင် မကပါဘူးဗျာ၊

ကိုယ်ကျိုးစွန့်အနစ်နာခံတဲ့နေရာမှာရော ရုပ်ရည်အမူအရာရော၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ ဗဟုသုတ အကြားအမြင်ရော၊ အိုဗျာ... ရှိရှိသမျှ အရည်အချင်းအားလုံး ကျုပ်တို့ထက်သာတယ်ဗျ”

ဟု အားပါးတရ ချီးမွမ်းလိုက်လေတော့၏။

စုံထောက်မင်းကြီးက...

“ဆားပုလင်းမင်းအောင် ရောက်လာတာနဲ့ အတော်ပဲ၊ ရန်ကုန်လှေလှော်အသင်းမှာ မြန်မာလူကုံထံတစ်ယောက် အသတ်ခံရတယ်လို့ ဗဟန်းဂါတ်က ဖုန်းဆက်တယ်၊ အသတ်ခံရတဲ့အချိန်ကတော့ မနေ့ညရှစ်နာရီအချိန်လောက်ကဖြစ်တယ်၊ ဒီတော့ လူသတ်မှုဖြစ်တဲ့နေရာမှာကို လူကလေးတို့ အမြန်ဆုံးသွားကြပါ၊ အမှုမှန်ပေါ်အောင် စစ်ဆေးပေးကြပါ၊ စီအိုင်ဒီကို သိက္ခာကျအောင် မလုပ်ကြပါနဲ့”

ဟု အမိန့်ပေးလိုက်လေတော့၏။ စုံထောက်မင်းကြီး၏ စကားဆုံးသည်နှင့် စုံထောက်ကိုစိန်မြင့်တို့လူစုသည် ရုံးခန်းထဲမှ လျှင်မြန်စွာ ပြေးထွက်သွားကြလေတော့၏၊ စုံထောက်ကိုတင်လှသည် စီအိုင်ဒီမှ ကားစုတ်ကြီးကို ဂေါက်တံလှည့်၍ စက်နှိုးနေလေ၏။

၎င်းတို့လူစုသည် အခင်းဖြစ်ပွားရာ နေရာသို့ ဆားပုလင်းမင်းအောင်ထက်ဦးစွာ ရောက်ရှိနိုင်ရန် ပြင်ဆင်နေခြင်းပင်ဖြစ်၏။

စုံထောက်ဦးပေါ်ဦးသည် ကိုတင်လှတို့လူစုကိုကြည့်၍ တဟားဟား ရယ်မောကာ...

"ဟော့လူတွေ…ကားကို ဖြည်းဖြည်းမောင်းနော်၊ အားလုံးမသာဖြစ်ကုန်မယ်၊ ဆားပုလင်းမင်းအောင်က ခင်ဗျားတို့ထက်နောက်ကျရင်လည်း ဘာမှ မထူးဘူးဗျ၊ တစ်ရေးနိုးထလိုက်ရင်တောင် ခင်ဗျားတို့ထက်သာတယ်"

ဟု မခံချင်အောင် နောက်ပြောင်လိုက်လေရာ စုံထောက်ကိုစိန်မြင့်သည် မကြားဟန်ပြု၍ ကားကို ဝူးခနဲ မောင်းထွက်သွားလေ၏။

ကျွန်ုပ်တို့လူစုလည်း ဖို့ဒ်ကားစုတ်လေးပေါ်သို့ တက်၍ ၎င်းတို့နောက်သို့ လိုက်ရလေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်များ၏ ကားနှစ်စီးသည် ကန်တော်ကြီးစောင်းရှိ ရန်ကုန်လှေလှော်အသင်းဘက်သို့ ဦးတည်၍ အပြိုင်အဆိုင် မောင်းနှင်လာခဲ့လေ၏။

စမ်းချောင်းဘက်သို့ ရောက်သောအခါ စုံထောက်ကိုစိန်မြင့်တို့ စီးနင်းလိုက်ပါလာသော ကားစုတ်ကြီးသည် ဖွတ်ချက် ဖွတ်ချက်မြည်၍ ထိုးရပ်သွားလေရာ ဦးပေါ်ဦးကြီးသည် ဝမ်းသာအားရ အော်ဟစ်၍ ဩဘာပေးလိုက်လေတော့၏။

ကျွန်ုပ်သည် ဖို့ဒ်ကားစုတ်ကလေးကို ကန်တော်ကြီးစောင်းရှိ ရန်ကုန်လှေလှော်အသင်းသို့ ဦးတည်၍ မောင်းနှင်ခဲ့လေရာ ရွှေဂုံတိုင်ဘက်သို့ ရောက်သောအခါ ကျွန်ုပ်တို့ စီးနင်းလာသော ကားသည် ကားဘီးပေါက်သွားသဖြင့် စပယ်ယာဘီးနှင့် လဲလှယ်တပ်ဆင်ရလေ၏။

ရန်ကုန်လှေလှော်အသင်းသည် ကန်တော်ကြီးစောင်းတွင်တည်ရှိပြီး သာယာလှပသောကြောင့် မျက်နှာဖြူအရာရှိကြီးများနှင့်

မြန်မာလူကုံထံများ မကြာခဏ လာရောက်၍ အပန်းဖြေလေ့ရှိ၏။

ရန်ကုန်လှေလှော်အသင်းသို့ ရောက်သောအခါ ကားကို ရပ်တန့်၍ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ရလေ၏။ ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့၏ ရှေ့မှ ဦးဆောင်၍ လူအများ စုအုံနေသော နားနေဆောင်တစ်ခုသို့ သွားလေ၏။

စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ကြိုတင်ရောက်ရှိနေကြပြီး ပေကြိုးများ၊ မှန်ဘီလူးများဖြင့် လွန်စွာအလုပ်ရှုပ်နေဟန်ရှိ၏။ ဆားပုလင်းမင်းအောင်သည် သေသူ၏ အနီးတွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး သေသူကို စစ်ဆေးနေလေ၏။

သေသူသည် အယ်ပယ်ကားပိုး တိုက်ပုံအင်္ကျီ၊ ဘန်ကောက်လုံချည်၊ ပေတင်ရှူးဖိနပ်ကို အကျအနဝတ်ဆင်ထား၏။ သူ၏ ရင်ဝတွင် ဓားမြှောင်တစ်ချောင်း စိုက်ဝင်နေပြီး ပက်လက်အနေအထားနှင့် သေဆုံးနေခြင်းဖြစ်၏။ သေသူ၏ အနီးရှိ ကြမ်းပြင်ပေါ်တွင် သွေးဖြင့် ရေးထိုးထားသော မနောသုခရွှေအိုးဆိုသည့် စာလုံးကြီးကို ထိတ်လန့်ဖွယ် မြင်တွေ့ရ၏။ ဆားပုလင်းမင်းအောင်သည် စုံထောက်ကိုတင်လှကို ကြည့်၍...

“သေသူရဲ့ ခန္ဓာကိုယ်က ပစ္စည်းတွေ ရှာပြီးပြီလား၊ ကျုပ်ကြည့်ပါရစေ”

ဟု ခွင့်တောင်းလိုက်လေရာ ကိုတင်လှက...

“ရှာပြီးရုံတင်ဘယ်ကမလဲဗျာ၊ တရားခံကိုတောင် ဖမ်းခိုင်းလိုက်ပြီ၊ ဒီအမှုမှာတော့ ဆားပုလင်းမင်းအောင်ကို နှာတစ်ဖျားနဲ့ အနိုင်ယူရမှာပဲ...ဟဲ ဟဲ ဟဲ ”

ဟု လွန်စွာအမြင်ကတ်ဖွယ်ကောင်းအောင် ပြောလိုက်လေ၏။ ဆားပုလင်းမင်းအောင်က…

"တရားခံအစစ်ကို ဖမ်းနိုင်တယ်ဆိုရင်တော့ ကိုတင်လှကို ချီးမွမ်းရမှာပဲ၊ ဒါပေမဲ့ ခင်ဗျား ဖမ်းခိုင်းလိုက်တဲ့ တရားခံက မက္ကဆီကို အပ်ချုပ်ဆိုင်က 'အမိန်း'ဆိုတဲ့ တရုတ်မဟုတ်လား"

ဟု မေးမြန်းလိုက်လေရာ စုံထောက်ကိုတင်လှသည် အံ့ဩလွန်း၍ မျက်လုံးများပင် ပြူးကျယ်သွားပြီး…

"ဟင် … အဲဒါမဟုတ်ဘူးလား"

ဟု ပြန်၍ မေးလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ကိုတင်လှ၏ မျက်နှာကို စေ့စေ့ကြည့်၍ …

"ဒီမှာ ကိုတင်လှ၊ ခင်ဗျားလို ခပ်ညံ့ညံ့ စုံထောက်တွေကြောင့် အပြစ်မရှိဘဲ ထောင်နန်းစံရသူတွေ၊ ကြိုးစင်တက်သွားရတဲ့သူတွေ မနည်းတော့ဘူး၊ ခင်ဗျားတို့ဟာ သေသူအနီးမှာတွေ့သမျှ ပစ္စည်းတွေကို တရားခံရဲ့ ပစ္စည်းလို့ပဲ အသေမှတ်ထားကြတာကိုးဗျ၊ ခင်ဗျားတို့တတ်တဲ့ စုံထောက်ပညာဟာ အရူးတစ်ယောက်လောက်တောင် အသုံးမဝင်ပါလားဗျာ"

ဟု ဆိုလိုက်လေရာ စုံထောက်ကိုတင်လှ၏ မျက်နှာသည် ရှုံ့မဲ့သွားလေ၏။

ကိုမင်းအောင်သည် သေသူ၏ ပစ္စည်းများကို ဆက်လက်၍ ကြည့်ရှုစစ်ဆေးလေ၏။ တစ်တိုနီနာရီတစ်လုံး။ သားရေအိတ်တစ်အိတ်နှင့် ငွေနှစ်ရာကျပ်၊ ဒန်းဟီးလ်စီးကရက်တစ်ဘူးနှင့် ငွေအကြွေစတချို့ကို တွေ့ရလေ၏။

ကိုမင်းအောင်သည် ရန်ကုန် လှေလှော်အသင်း၏ မန်နေဂျာကို သွားရောက်မေးမြန်းပြန်၏။ မန်နေဂျာက ...

"ဒီမှာ အလုပ်သမားလေးတစ်ယောက် ရှိတယ်၊ ညဘက်ဆိုရင်တော့ အလုပ်သမား တစ်ယောက်တည်း ရှိပါတယ်၊ အလုပ်သမားလေးတစ်ယောက်ကို တစ်လှည့်စီ ညစောင့်အဖြစ် ထားပါတယ်၊ မနေ့ညက ညစောင့်တာဝန်ကျတဲ့ အလုပ်သမားကို ခေါ်ပေးပါမယ်"

ဟု ပြောလေ၏။ မကြာမီ မန်နေဂျာနှင့်အတူ လူငယ်တစ်ဦး လိုက်ပါလာပြီး လူငယ်က...

"ဒီလိုပါ ဆရာ... မနေ့ညက သေသူဦးဝေလုဟာ ကျွန်တော်တို့ တိုင်စင်ဟိုတယ်က စားစရာနဲ့ အရက်ကို ဝယ်ခိုင်းပါတယ်၊ ဒါကြောင့် ကျွန်တော်လည်း မြင်းလှည်းငှားပြီး တိုင်စင်ဟိုတယ်ကို သွားပါတယ်၊ ဟိုတယ်က ပြန်လာတော့ ညရှစ်နာရီထိုးပါပြီ၊ ကျွန်တော်နားနေဆောင်ကိုလည်း ရောက်ရော ဓားဒဏ်ရာနဲ့ သေဆုံးနေတဲ့ ဦးဝေလုကို တွေ့လိုက်ရတာပါပဲ"

ဟု ဖြေလေ၏။ ဆားပုလင်းမင်းအောင်က ..."ဦးဝေလုဟာ ဒီကို မကြာခဏလာပြီး အပန်းဖြေလေ့ရှိလား"

ဟု မေးမြန်းလိုက်လေရာ လူငယ်က...

"ကျွန်တော်တော့ နှစ်ကြိမ်လောက် ဆုံဖူးပါတယ်၊ သေသူဦးဝေလု ဒီမှာ အပန်းဖြေမဲ့နေ့ကို ကျွန်တော်တို့ အလုပ်သမားတွေ မသိပါဘူး"

"လှေလှော်အသင်းက စာရေး မောင်ဘသောင်းကို ခေါ်ပေးပါဦး"

ဟု ဆိုလိုက်လေရာ အသင်း၏ မန်နေဂျာက ဝင်ရောက်၍...

"မောင်ဘသောင်း နေမကောင်းဖြစ်လို့ မလာနိုင်တာ သုံးရက်ရှိနေပါပြီ"

ဟု ဖြေဆိုလေ၏။ ဆားပုလင်းမင်းအောင်သည် ခေါင်းတဆတ်ဆတ်ညိတ်၍ မောင်ဘသောင်း၏ လိပ်စာကို မန်နေဂျာထံမှ တောင်းယူလေ၏။

ဤကဲ့သို့ ဆားပုလင်းမင်းအောင်သည် အမှုကိုအားကြိုးမာန်တက် ထောက်လှမ်းနေသော်လည်း ကျွန်ုပ်နှင့်ဦးပေါ်ဦးကမူ အမှုကို စိတ်ဝင်စားခြင်းမရှိဘဲ ကန်တော်ကြီးပတ်ဝန်းကျင်၏ သာယာလှပပုံကို ချီးမွမ်း၍ လာရောက်အပန်းဖြေရန် တိုင်ပင်နေလေ၏။

ထိုအချိန်တွင် စုံထောက်မင်းကြီး၏ ကား ရောက်ရှိလာသဖြင့် စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ကြိုဆိုရန် အလို့ငှာ အလုအယက် ပြေးထွက်သွားကြလေ၏။ ဆားပုလင်းမင်းအောင်ကမူ စုံထောက်မင်းကြီးကို လှည့်၍ပင် မကြည့်ဘဲ ကန်စပ်တစ်နေရာသို့ သွားကာ သဲလွန်စ ရှာဖွေနေလေ၏။ စုံထောက်မင်းကြီးက ...

"ဘယ်လိုလဲ လူကလေး အမှုမှန်ပေါ်ဖို့ နီးစပ်ပြီလား"

ဟု မေးမြန်းလိုက်လေရာ စုံထောက်ကိုစိန်မြင့်က...

"တရားခံကိုတောင် ဖမ်းခိုင်းလိုက်ပါပြီ သခင်၊ တရားခံဟာ အပ်ချုပ်ဆိုင်က အမိန်းဆိုတဲ့ တရုတ်ပါ။ သေသူနဲ့ တရားခံဟာ အပ်ချုပ်ဆိုင်မှာ အင်္ကျီအပ်ရင်းနဲ့ ရန်ငြိုးရန်စ ရှိပုံရတယ်"

ဟု လွန်စွာ မျက်နှာချိုသွေးသော အမူအရာဖြင့် အစီရင်ခံလေ၏။ စုံထောက်ကိုတင်လှကလည်း ...

"သေသူဟာ ဓားမြှောင်နဲ့ အနီးကပ်ထိုးပြီး အသတ်ခံရတာပါ။

ဒါကြောင့် လူစိမ်းမဖြစ်နိုင်ပါဘူး၊ ရန်ကုန်လှေလှော်အသင်းက ညစောင့်လူငယ်ကို ရိုက်နှက်ပြီး စစ်ဆေးလိုက်ရင် ပေါ်မှာပါ သခင်”

ဟု စုံထောက်မင်းကြီးအား အစီရင်ခံလေ၏။ ဆရာပွဆိုသော စုံထောက်အိုကြီးကလည်း…

“သေသူရဲ့ ပိုက်ဆံအိတ်နဲ့ နာရီကို ယူဆောင်မသွားဘူးဆိုတော့ ပစ္စည်းလိုချင်လို့ သတ်တာ မဖြစ်နိုင်ပါဘူး၊ ရန်ငြိုးရန်စတစ်ခုကြောင့် အသတ်ခံရတာပါ သခင်”

ဟု စုံထောက်မင်းကြီးအား ပြောပြန်၏။ စုံထောက်မင်းကြီးက…

“လူကလေးတို့ဟာ တစ်ယောက်တစ်မျိုး ပြောနေတယ်၊ ကျွန်ုပ် မျက်စိလည်သွားပြီ၊ အမှုမှန်ကိုတော့ ဆားပုလင်းမင်းအောင်ကသာ ဖော်နိုင်မယ်ထင်တယ်”

ဟု ပြောလေ၏။ ထိုအချိန်၌ ဆားပုလင်းမင်းအောင်သည် ကန်စပ်တစ်နေရာတွင်ထိုင်၍ တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေလေ၏။

စုံထောက်မင်းကြီးက ကန်စပ်သို့ဆင်း လျှောက်သွားပြီး …

“ဘယ်လိုလဲ ဆားပုလင်းမင်းအောင်၊ အမှုအခြေအနေကို ပြောပါဦး”

ဟု မေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က …

“အမှုက ထင်သလောက် မလွယ်ဘူး၊ ရန်ငြိုးရန်စတစ်ခုကြောင့် ရက်ရက်စက်စက် လက်စားချေသတ်ဖြတ်သွားတာပဲ၊ သေသူဟာ ဦးဝေလုဆိုတဲ့ သူဌေးတစ်ယောက်ပဲ၊ သူဟာ ရှေးဟောင်းပစ္စည်းစုဆောင်းတာ ဝါသနာပါတယ်လို့ သိရတယ်၊ လူသတ်သမားဟာ ခြံစည်းရိုးမှာ လူသတ်သမားရဲ့ ခြေရာလက်ရာကို

တွေ့ရတယ်၊ လူသတ်သမားဟာ အရပ် ငါးပေဆယ်လက်မလောက်ရှိပြီး သန်မာဖြတ်လတ်သူဖြစ်တယ်၊ ရဲစွမ်းသတ္တိလည်း ရှိပုံရတယ်၊ ဒီအချိန်မှာ ဦးဝေလုဟာ နားနေဆောင်ထဲက ခုံတစ်ခုံမှာ ထိုင်ပြီး တိုင်စင်ဟိုတယ်မှာ စားသောက်ဖွယ်ရာတွေ သွားဝယ်နေတဲ့ အစောင့်လူငယ်ကို မျှော်နေတယ်၊ လူသတ်သမားဟာ ကျော်ပြီး ဝင်လာတယ်၊ ဦးဝေလုဟာ လူသတ်သမားကို ကျောပေးပြီး ထိုင်နေတာဖြစ်တယ်၊ လူသတ်သမားဟာ နောက်ကျောက အလစ်အငိုက် လုပ်ကြံတဲ့ လူစားမျိုးတော့ မဟုတ်ဘူး၊ ဦးဝေလုနဲ့ စကားအနည်းငယ်ပြောဆိုပြီးတော့မှ ဦးဝေလုဟာ လူသတ်သမားကို စားပွဲခုံပေါ်က အရက်ပုလင်းနဲ့ လှမ်းပစ်လိုက်တယ်။ လူသတ်သမားဟာ ခေါင်းငုံ့ရှောင်လိုက်လို့ အရက်ပုလင်းဟာ ကန်တော်ကြီးထဲကျသွားတယ်၊ အဲဒီတော့မှ လူသတ်သမားဟာ ရှေ့တစ်လှမ်းတိုးပြီး ဦးဝေလုကို ဓားနဲ့ထိုးလိုက်တာပါပဲ၊ ပြီးတော့မှ သေသူရဲ့ သွေးနဲ့ ကြမ်းပြင်ပေါ်မှာ မနောသုခရွှေအိုးဆိုတဲ့ စာလုံးကို ရေးခဲ့တာပါ”

ဟု ဆိုလိုက်လေရာ စုံထောက်မင်းကြီးက ...“အိုးဂေါ့”

ဟု ရေရွတ်လိုက်လေ၏။ ကိုမင်းအောင်က ဆက်လက်၍ ...

“လူသတ်သမားဟာ လက်စားချေပြီးတာနဲ့ လှေလှော်အသင်း ဂိတ်ပေါက်ကနေ အေးအေးဆေးဆေး ပြန်ထွက်ခဲ့တယ်၊ လမ်းပေါ်ရောက်တော့မှ မြင်းရထား (သို့) ကား တစ်စီးကို ငှားပြီး ပြန်သွားခဲ့တယ်”

ဟု ဆိုလိုက်လေ၏။ ထို့နောက် ဆားပုလင်းမင်းအောင်က ဇဟန်းဂါတ်မှ ပုလိပ်ကလေးတစ်ယောက်အား ကန်တော်ကြီးထဲသို့

ဆင်း၍ ဦးဝေလု ပစ်ပေါက်လိုက်သော အရက်ပုလင်းကို ဆယ်ယူစေ၏။ သက်သေခံပစ္စည်းများကို သိမ်းဆည်းပြီးသောအခါ ကျွန်ုပ်တို့လူစုသည် ကန်တော်ကြီးလှေလှော်အသင်းမှ ထွက်ခဲ့လေ၏။ စုံထောက်ကိုစိန်မြင့်တို့ လူစုမှာမူ အလောင်းကြီးကို ပေကြိုးတိုင်းခြင်း၊ မှတ်စုရေးခြင်းစသော အလုပ်များကို အားကြိုးမာန်တက် လုပ်ကိုင်၍ ကျန်ရစ်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့၏ ရှေ့မှ ဦးဆောင်၍ လျှောက်လှမ်းနေရင်းမှ ရန်ကုန်လှေလှော်အသင်း ဂိတ်ပေါက်အလွန်တွင် လမ်းပေါ်မှ တစ်စုံတစ်ရာကို ကောက်ယူလိုက်လေ၏။ ဦးပေါ်ဦးက…

"ဘာကောက်ရလို့လဲ ကိုမင်းအောင်၊ ကျူပ်လည်း တစ်ဝက်ဆိုင်တယ်နော် … ဟဲ ဟဲ"

ဟု နောက်ပြောင်လိုက်လေ၏။ ဆားပုလင်းမင်းအောင်က လက်ဝါးဖြန့်ပြလိုက်လေရာ သူ၏ လက်ထဲတွင် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ခေါင်းလောင်းတစ်လုံးကို တွေ့လိုက်ရလေ၏။ ကျွန်ုပ်က …

"ကျောက်စိမ်းခေါင်းလောင်းလေးပါလားဗျ၊ လုပ်ထားတဲ့ လက်ရာက အနုပညာ အတော်မြောက်တယ်နော်"

ဟု ချီးမွမ်းလိုက်လေရာ ဦးပေါ်ဦးက …

"လမ်းပေါ် လျှောက်သွားရင်း မိန်းကလေး တစ်ယောက်ကျကျန်ရစ်တာဖြစ်နိုင်တယ်ဗျို့"

ဟု မှတ်ချက်ချလေ၏။ ဆားပုလင်းမင်းအောင်က

ကျောက်စိမ်းခေါင်းလောင်းလေးကို သေချာစွာ ကြည့်ရှု၍...

"ဒီခေါင်းလောင်းလေးက အလှလုပ်ထားတာ မဟုတ်ဘူးဗျ၊ ရှေးဟောင်း တရုတ်လူမျိုးတွေရဲ့ နက္ခတ်အဆောင်လေးဖြစ်တယ်၊ တရုတ်တွေဟာ နှစ်အလိုက် ကျားနှစ်၊ ယုန်နှစ်၊ နဂါးနှစ် စသည်ဖြင့် တိရစ္ဆာန်သင်္ကေတနဲ့ မှတ်သားလေ့ရှိတယ်၊ ဒီခေါင်းလောင်းလေးရဲ့ ပိုင်ရှင်ဟာ နွားထီးနှစ် (The Ox) မှာ မွေးဖွားတဲ့သူပဲ။ သူဟာ နေ့ဆိုရင် ရေနွေးကရားလေးကို အဆောင်အဖြစ် အသုံးပြုတယ်၊ ညဘက်ဆိုရင် ဒီကျောက်စိမ်းခေါင်းလောင်းလေးကို အဆောင်အဖြစ် အသုံးပြုလေ့ရှိတယ်"

ဟု ရှင်းပြလိုက်လေရာ ဦးပေါ်ဦးကြီးက ...

"ကိုမင်းအောင်ကတော့ စုံပါပေ့ဗျာ၊ မသိတာ မတတ်တာ ဘာမှမရှိဘူး၊ တရုတ်ရှေးဟောင်းနက္ခတ်ပညာ အကြောင်းလည်း သိနေတတ်နေတာပဲ"

ဟု ချီးမွမ်းလိုက်လေ၏။ ကိုမင်းအောင်သည် ဦးပေါ်ဦးကို စကားမတုံ့ပြန်တော့ဘဲ ကျောက်စိမ်းခေါင်းလောင်းလေးကို အိတ်ထဲသို့ ထည့်လိုက်လေတော့၏။ ဦးပေါ်ဦးကြီးသည် ဖို့ဒ်ကားစုတ်ကလေးကို မောင်းနှင်လေ၏။ ကျွန်ုပ်က ...

"ဒီနေ့ နေ့လယ်စာကို မအူကုန်းလမ်းကျယ်က ချစ်တီးထမင်းဆိုင်မှာ စားမယ်ဗျို့"

ဟု ကြွေးကြော်လိုက်လေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော် သုံးယောက်သည် ချစ်တီးထမင်းဆိုင်သို့ သွားကာ ထမင်းနှင့် ဟင်းများကို မြိန်ရှက်စွာ စားသောက်လေ၏။

ဆားပုလင်းမင်းအောင်ကမူ သက်သတ်လွတ် ချစ်တီးထမင်းကိုသာ မှာယူစားသောက်လေ၏။ ထမင်းစားပြီးသောအခါ ဦးပေါ်ဦးက…

“ကိုမင်းအောင်ရေ ထုံးစံအတိုင်း သဲလွန်စကောက်ပုံကို ရှင်းစမ်းပါဦး”

ဟု ဆိုလိုက်လေရာ ဆားပုလင်းမင်းအောင်က ဂွန်ပလေးမုတ်ဆိတ် စီးကရက်ကို နှုတ်ခမ်းတွင်ခဲ၍ မီးညှိလိုက်ပြီး…

“သေသူ ဦးဝေလုဟာ ရန်ကုန်လေ့လော့်အသင်းမှာ မကြာခဏလာပြီး အနားယူပုံရတယ်၊ လူသတ်သမားဟာ သေသူဦးဝေလု လာပြီး အနားယူမဲ့ရက်ကို ကြိုတင်သိနေတယ်၊ ဦးဝေလုဟာ အစောင့်လူငယ်ကို တိုင်စင်ဟိုတယ်ကို လွှတ်ပြီး စားသောက်ဖွယ်ရာတွေ ဝယ်ခိုင်းတဲ့ အချိန်မှာ လူသတ်သမားဟာ ခြံစည်းရိုးကို ကျော်ပြီး ရန်ကုန်လေ့လော့်အသင်းရဲ့ ဝင်းထဲကို ရောက်နှင့်နေပြီဗျ။ လူသတ်သမားဟာ နားနေခန်းအပြင်က သစ်ပင်အောက်မှာ မှောင်ရိပ်ခိုပြီး စောင့်နေတယ်၊ မှောင်ရိပ်ထဲမှာ လူသတ်သမားရဲ့ ခြေရာကို တွေ့ရတယ်ဗျ”

ဟု ဆိုလိုက်လေရာ ကျွန်ုပ်က…

“လူသတ်သမားက အရပ်မြင့်ပြီး သန်မာဖျတ်လတ်တယ်၊ ရဲစွမ်းသတ္တိရှိတယ်ဆိုတာ ဘယ်လို သိတာလဲဗျ”

ဟု မေးမြန်းလိုက်လေရာ ဆားပုလင်းမင်းအောင်က…

“လူသတ်သမားရဲ့ ခြေလှမ်းအကွာအဝေးကို ကြည့်ရင် အရပ်အမောင်းကို ခန့်မှန်းကြည့်နိုင်တယ်ဗျ။ သာမန်လူတစ်ယောက်ရဲ့ ပျမ်းမျှခြေလှမ်း အကွာအဝေးဟာ လက်မသုံးဆယ် ရှိတယ်ဗျ။

လူသတ်သမားရဲ့ ခြေလှမ်းဟာ ဒီထက်ကျဲတယ်၊ ရဲစွမ်းသတ္တိရှိတယ် ဆိုတာကလည်း ခြေလှမ်းအစိပ်အကျဲကြည့်ရင် သိနိုင်တယ်ဗျ၊ လူအတော်များများဟာ ရန်သူ့နယ်မြေထဲကို ရောက်ရင် စိုးရိမ်သောကကြောင့် မူလလှမ်းနေကျ ခြေလှမ်းထက်ပိုပြီး စိပ်မသွားဘူး။ ပုံမှန်ဘဲဗျ၊ ဒါကို ကြည့်ခြင်းအားဖြင့် လူသတ်သမားဟာ ရဲစွမ်းသတ္တိ ရှိတယ်ဆိုတာ ပေါ်လွင်နေပါပြီဗျာ”

ဟု ရှင်းလင်းပြလေရာ ဦးပေါ်ဦးက…

“ကိုမင်းအောင် ပြောပြတော့လည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားတော့တာပဲ၊ ကျုပ်တို့ဘာသာဆိုရင်တော့ ဆံပင်ဖြူမှာ သေချာတယ်ဗျို့”

ဟု ဆိုလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ဆက်လက်၍…

“လူသတ်သမား နားနေခန်းထဲ ရောက်လာတော့ သေသူဦးဝေလုဟာ အရက်သောက်နေတယ်ဗျ။ ကုလားထိုင်က အဝင်ပေါက်ကို ကျောခိုင်းပြီး ချထားတယ်၊ သေသူရဲ့ အနီးမှာ ဖန်ခွက်တစ်လုံးကို တွေ့ရတယ်ဗျ။ ပုလင်းကိုတော့ မမြင်ရဘူး။ ဒါကို ကြည့်ခြင်းအားဖြင့်လည်း သေသူဟာ လူသတ်သမားနဲ့ အပြန်အလှန် တိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ်ဆိုတာ သိသာပါတယ်ဗျာ။ တရားခံဟာ သေသူရဲ့ သွေးနဲ့ ကြမ်းပြင်ပေါ်မှာ မနောသုခရွှေအိုးဆိုတဲ့ စာလုံးကို ရေးသွားခဲ့တယ်ဗျ၊ ဒါဟာ တစ်စုံတစ်ယောက်ကို အသိပေးတဲ့သဘောပဲ”

ဟု ရှင်းလင်းပြလေ၏။ ကျွန်ုပ်က…

“စုံထောက်ကိုစိန်မြင့်က မဏ္ဍဆီကို အပ်ချုပ်ဆိုင်က အမိန်းဆိုတဲ့ တရုတ်ကို ဘာလို့ ဖမ်းခိုင်းတာလဲဗျ”

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ...

"သေသူ ဦးဝေလုရဲ့ အယ်ပယ်ကား တိုက်ပုံအင်္ကျီဟာ မက္ကဆီကို အပ်ချုပ်ဆိုင်က ချုပ်ပေးတာဗျ။ အပ်ချုပ်ဆိုင်ရဲ့ ဘောက်ချာစာရွက်ကို ဦးဝေလုရဲ့ အိတ်ထဲမှာ တွေ့ရတယ်၊ ဒါကြောင့် ကိုစိန်မြင့်က မက္ကဆီကို အပ်ချုပ်ဆိုင်ရှင် အမိန်းကို ဖမ်းဖို့ ကြိုးစားတာပဲ"

ဟု ဆိုလိုက်လေရာ ဦးပေါ်ဦးက တဟားဟား ရယ်မော၍...

"ကိုစိန်မြင့်တို့ ညံ့ချက်ကတော့ ကမ်းကုန်ပဲဗျို့၊ ဒီလူတွေကြောင့် ကျုပ်တို့ စီအိုင်ဒီ သိက္ခာကျပါပြီဗျာ"

ဟု ပြောဆိုလိုက်လေ၏။ ဆားပုလင်းမင်းအောင်ကမူ ဦးပေါ်ဦးကို စကားမတုံ့ပြန်တော့ဘဲ...

"အိုင်ပီတို့ ထမင်းစားပြီးရင် လှေလှော်အသင်းက စာရေးမောင်ဘသောင်း အိမ်ကို လိုက်သွားရအောင်၊ မောင်ဘသောင်းက နေမကောင်းလို့ အလုပ်မဆင်းတာ သုံးရက်တောင် ရှိပြီဆိုပဲဗျ။ သူ့ကို ကျွန်တော် စစ်ဆေးချင်တယ်"

ဟု ဆိုကာ မောင်ဘသောင်း နေထိုင်ရာ ဗျိုင်းရေအိုးစင်ရပ်ကွက်သို့ ကားကို မောင်းနှင်စေခဲ့သည်။ ကျွန်ုပ်တို့ လူစုသည် ဖို့ဒ်ကားစုတ်ကလေးကို ဘိုလိန်းလမ်းမကြီးပေါ်တွင် ရပ်တန့်ထားရစ်ခဲ့ပြီး မြေနီလမ်းအတိုင်း ဆင်း၍ လမ်းလျှောက်ခဲ့ကြ၏။ မြေနီလမ်းအဆုံးတွင် မောင်ဘသောင်း၏ အိမ်ရှေ့တွင် ကလေးငယ်နှစ်ဦး ဆော့ကစားနေလေရာ ဆားပုလင်းမင်းအောင်က မောင်ဘသောင်းကို မေးမြန်းလေ၏။ ကလေးငယ်က...

"အဖေကြီး အိမ်ထဲမှာ ရှိပါတယ်"

ဟု ဖြေလေ၏။ မောင်ဘသောင်းကို ညှော့ခန်းထဲရှိ ပက်လက်ကုလားထိုင်ပေါ်တွင် အခန့်သား တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်က ...

"ကျုပ်တို့က အင်းစိန် စီအိုင်ဒီက စုံထောက်တွေပါ၊ ရန်ကုန်လှေလှော်အသင်းက လူသတ်မှုသတင်းကိုတော့ မောင်ဘသောင်း ကြားပြီးရောပေ့ါ"

ဟု ဆိုလိုက်လေရာ မောင်ဘသောင်းက…

"ကြားပါတယ် ဆရာရယ်၊ သတင်းကတော့ စိတ်မကောင်းစရာပဲ"

ဟု ပြောလိုက်လေ၏။ ဆားပုလင်းမင်းအောင်က…

"ဒါဆိုရင် ဒီအမှုနဲ့ ပတ်သက်လို့ မောင်ဘသောင်း ဘာများပြောနိုင်မလဲ"

ဟု မေးမြန်းလိုက်လေ၏။ မောင်ဘသောင်းက…

"ကျွန်တော် နေမကောင်းလို့ ခွင့်ယူထားတဲ့အချိန်မှာ ဖြစ်တယ်ဆိုတော့ ကျွန်တော် ဘာမှ မပြောနိုင်ပါဘူး"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က မောင်ဘသောင်း၏ မျက်နှာကို စေ့စေ့ကြည့်၍…

"လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ခင်ဗျားကို ဘုံဘေရက်စတောရင့်မှာ ခေါက်ဆွဲမွေးပြီး အိတ်ကပ်ထဲကို ပိုက်ဆံအထပ်လိုက် ထိုးထည့်ပေးသွားတဲ့ သူအကြောင်းကို ကျုပ် သိချင်တယ်"

ဟု မေးမြန်းလိုက်လေရာ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိလေ၏။

မောင်ဘသောင်းကမူ…

“ခင်ဗျား ဘာတွေ လာပြောနေတာလဲ၊ ကျုပ်ကို ဘယ်သူမှ ဘုံဘေရက်စတောရင့်မှာ မကျွေးဘူး”

ဟု လေသံမာမာဖြင့် ပြန်ပြောလေ၏။ ဆားပုလင်းမင်းအောင်သည် မောင်ဘသောင်းကို စကားမတုံ့ပြန်တော့ဘဲ ဂျွန်ပလေးယားမုတ်ဆိတ် စီးကရက်ကို နှုတ်ခမ်းတွင် ခဲလျက်ထောက်ခနဲ မီးခြစ်လိုက်ပြီး…

“ဒီမှာ ကိုယ့်လူ…ဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ ကျုပ်ကို လိမ်ဖို့ မကြိုးစားပါနဲ့၊ ကျုပ်နာမည် ဆားပုလင်းမင်းအောင်တဲ့၊ ကြားဖူးတယ် မဟုတ်လား၊ ကိုယ့်လူကို ဗုဒ္ဓဟူးနေ့က ဘုံဘေရက်စတောရင့်မှာ ခေါ်ပြီး ကျွေးမွေးတဲ့သူဟာ လူသတ်မှုတရားခံပဲ၊ လူသတ်သမားဟာ ဦးဝေလု ရန်ကုန်လှေလှော်အသင်းမှာ လာအနားယူမဲ့ရက်ကို ခင်ဗျားဆီမှာ မေးမြန်းခဲ့တယ်၊ အဲဒီနေ့က ဘုံဘေရက်စတောရင့်မှာ ခင်ဗျားကို အဝကျွေးမွေးပြီး အိတ်ကပ်ထဲကို ငွေစက္ကူတွေ အထပ်လိုက် ထိုးထည့်သွားခဲ့တယ်၊ ခင်ဗျားကလည်း ဦးဝေလု လာအနားယူမဲ့ရက်ကို လူသတ်သမားကို ပြောပြခဲ့တယ်၊ အဲဒီနေ့က လူသတ်သမား ပေးလိုက်တဲ့ ငွေနဲ့ကျောက်မြောင်းဈေးရှေ့က ဆင်တောင်ကြီး ဖိနပ်ဆိုင်မှာ ကလေးဖိနပ်နှစ်ရန်ကို ခင်ဗျား ဝယ်ခဲ့သေးတယ်၊ လှေလှော်အသင်းကိုတော့ မလာတော့ဘူး၊ နေမကောင်းဘူးဆိုပြီး အကြောင်းပြလိုက်တယ်၊ ဟုတ်တယ် မဟုတ်လား၊ ငြင်းမယ်တော့ မကြံနဲ့၊ လူသတ်မှုမှာ ကြံရာပါ ဖြစ်သွားမယ်”

ဟု ပြောလိုက်လေရာ မောင်ဘသောင်းသည် မျက်လုံးများ ပြူးဝိုင်းကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ ပြီးမှ…

“ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော် မငြင်းတော့ပါဘူး၊ ဆရာ

ပြောတာအားလုံး မှန်ပါတယ်၊ ကျွန်တော့်ကို လူတစ်ယောက်က ဗုဒ္ဓဟူးနေ့ညမှာ ဘုံဘေရက်စတောရင့်ခေါ်ပြီး ကျွေးမွေးခဲ့ပါတယ်၊ ဦးဝေလု လာပြီး အနားယူမဲ့ရက်ကိုလည်း မေးမြန်းသွားပါတယ်၊ ကျွန်တော်လည်း သဘောရိုးနဲ့ မေးတယ်ထင်လို့ အမှန်အတိုင်း ပြောပြမိပါတယ်၊ လိမ်ညာမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ၊ သူ ပေးတဲ့ငွေနဲ့ ကလေးဖိနပ်နှစ်ရန်နဲ့ ခေါက်ဆွဲထုပ်လည်း ဝယ်ခဲ့ပါတယ်၊ ရိုးကုမ္ပဏီကလည်း အဝတ်အထည်တွေ ဝယ်ခဲ့ပါသေးတယ်"

ဆားပုလင်းမင်းအောင်ကို ဝန်ခံလေ၏။ ဦးပေါ်ဦးကြီးက ဝင်၍...

"ဆားပုလင်းမင်းအောင်ကို ဘယ်တော့မှ လိမ်ညာဖို့ မကြိုးစားနဲ့ မရဘူး ကိုယ့်လူ"

ဟု ဝင်ရောက်ကြိမ်းမောင်းလေ၏။ ထို့နောက် ကိုမင်းအောင်က လူသတ်သမားနှင့် ပတ်သက်၍ ထူးခြားစွာ မှတ်မိခြင်း ရှိမရှိ မေးမြန်းလေရာ မောင်ဘသောင်းမှာ မှတ်မိခြင်းမရှိပါဟု ဖြေဆိုလေ၏။

မောင်ဘသောင်း အိမ်မှအပြန် လမ်းတွင် ဆားပုလင်းမင်းအောင်က သဲလွန်စကောက်ယူပုံကို အောက်ပါအတိုင်း ရှင်းပြလေ၏။

"သေသူ ဦးဝေလုဟာ ရန်ကုန်လှေလှော်အသင်းမှာ လာအနားယူလေ့ရှိတဲ့ နေ့ကို လှေလှော်အသင်းက စာရေးဖြစ်တဲ့ မောင်ဘသောင်းကသာ အတိအကျ သိတယ်ဗျ၊ ဒါကြောင့် မောင်ဘသောင်းကို မေးမြန်းစုံစမ်းလိမ့်မယ်လို့ ကောက်ချက်ချမိတယ်"

ဟု ဆိုလိုက်လေရာ...

"ဒီအထိတော့ ရှင်းပါပြီဗျာ၊ မရှင်းတာက နောက်ကိစ္စတွေဗျ"

ဝင်ရောက်ပြောဆိုလေ၏။ ကိုမင်းအောင်က ဆက်၍…

"ကျွန်တော်တို့ မောင်ဘသောင်း အိမ်ရောက်တော့ မောင်ဘသောင်းရဲ့ ကလေးနှစ်ယောက် ကစားနေတာ တွေ့ရတယ်ဗျ။ ကလေးရဲ့ လက်ထဲမှာ အဖြူရောင်စက္ကူလက်သုတ်ပဝါလေးတွေကို မြင်တယ်ဗျ၊ လက်သုတ်ပဝါမှာ ၁၅-၆-၁၉၂၀ (ဘုံဘေရက်စတော့ရင့်)လို့ ရေးထားတယ်ဗျ၊ မောင်ဘသောင်းရဲ့ လစာဟာ တစ်လကို ဆယ့်ငါးကျပ်လောက်ပဲ ရတယ်ဗျ၊ မောင်ဘသောင်းလို အဆင့်အတန်းမျိုးနဲ့ ဘုံဘေရက်စတော့ရင့်ကို သွားပြီး စားသောက်ဖို့ဆိုတာ မလွယ်ပါဘူးဗျာ၊ တစ်ဦးတစ်ယောက်က ဒကာခံပြီး ကျွေးမွေးမှသာ ရောက်နိုင်မယ် ထင်တယ်ဗျ မောင်ဘသောင်းဟာ ဘုံဘေရက်စတော့ရင့်မှာ စားသောက်ပြီး စက္ကူလက်သုတ်ပဝါတွေကို ယူဆောင်လာပုံရတယ်၊ နောက်ပြီးတော့ မောင်ဘသောင်းတို့အိမ်ရဲ့ ဖိနပ်ချွတ်မှာ ကလေးဖိနပ် အသစ်စက်စက်ကလေးနှစ်ရန်ကို တွေ့ရတယ်ဗျ၊ ဖိနပ်က 'ဆင်တောင်ကြီး'တံဆိပ်ဗျ၊ ဒီတော့ ငွေရှင် လာတဲ့ မောင်ဘသောင်းဟာ ကျောက်မြောင်းဈေးရှေ့က ဆင်တောင်ကြီးဖိနပ်ဆိုင်ဝင်ပြီး ကလေးနှစ်ယောက်အတွက် ဖိနပ်ဝယ်တယ်လို့ တွက်ဆနိုင်တယ်ဗျာ၊ ဒီလိုပဲ မောင်ဘသောင်းတို့ခြံစည်းရိုးမှာ အမှိုက်ပုံးထဲမှာ ပုရွက်ဆိတ်တက်နေတဲ့ ခေါက်ဆွဲဖတ်တွေကို တွေ့ရတယ်၊ ဖိနပ်ဝယ်ပြီး ဒေါ်မြဆိုင်မှာ ခေါက်ဆွဲဝင်ဝယ်တဲ့ သဘောပေါ့ဗျာ။ စုံထောက်လုပ်တဲ့သူဟာ မျက်စိရှင်ရှင် ထားရတယ်ဗျာ၊ အသေးအဖွဲ့လေးတွေကအစ ဂရုတစိုက် ကြည့်ရှုစစ်ဆေးသင့်တယ်၊ ဒီလိုပါပဲ မောင်ဘသောင်းဟာ နောက်တစ်နေ့မှာ နေမကောင်းဘူး ဆိုပြီး ရန်ကုန်လှေလှော်အသင်းကို မလာတော့ဘဲ မိန်းမနဲ့ ရိုးကုမ္ပဏီမှာ

အဝတ်အစားတွေ ဝယ်ယူခဲ့တယ် ဆိုတာ ပေါ်လွင်နေပါပြီဗျာ”

ဟု ရှင်းလင်းပြလေရာ ဦးပေါ်ဦးကြီးသည် ဆားပုလင်းမင်းအောင်ကို လက်ဆွဲနှုတ်ဆက်၍…

“တော်ပါပေတယ် ကိုမင်းအောင်ရယ်၊ တကယ်ပါပဲ၊ ခင်ဗျားဟာ စုံထောက်လုပ်ဖို့ ဘုရားသခင်က ပေးသနားလိုက်တဲ့ လူအစစ်ပါပဲ”

ဟု ချီးမွမ်းလေ၏။

ကျွန်ုပ်ကလည်း…

“ကိုမင်းအောင် တော်တာတွေကတော့ ချီးမွမ်းလို့ကို ကုန်နိုင်မယ် မထင်ပါဘူးဗျာ”

ဟု ဝင်ရောက် ပြောဆိုလေ၏။ ဆားပုလင်းမင်းအောင်ကမူ ကျွန်ုပ်တို့ကို စကားမတုံ့ပြန်တော့ဘဲ ကားနောက်ခန်းတွင် မျက်လုံးမှိတ်၍ လိုက်ပါခဲ့လေ၏။

*